# “နိုင်ငံခြားသားများ ရှီကျင့်ဖျင်နှင့် ဒေါ်နယ်လ်ထရမ့်တွေ့ဆုံအကြောင်း ဆွေးနွေး”

## တရုတ်-အမေရိကန်အတူလက်တွဲပူးပေါင်းခြင်းဖြင့် “မော်တော်ယာဉ်မြို့တော်” ပြန်လည်ဖြစ်ထွန်း

“တရုတ်ဈေးကွက်အတွင်းမှာအောင်မြင်မှုရရှိခဲ့ခြင်းကြောင့် အများသုံးမော်တော်ယာဉ်ကုမ္ပဏီသည် အခက်အခဲများအကြားမှ ရှောင်ကြဉ်နိုင်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။” အများသုံးမော်တော်ယာဉ်ကုမ္ပဏီတွင် အလုပ်သက်တမ်း(၃၀)နှစ်ရှိခဲ့ပြီး ယခုအချိန်ပင်စင်ယူခဲ့သော Scott ကပြောသည်။ Scott သည် တရုတ်နိုင်ငံသို့ အကြိမ်ပေါင်းများစွာရောက်ရှိခဲ့ပြီး တရုတ်မော်တော်ယဉ်များဈေးကွက်တွင် မည်သို့လျင်မြန်စွာအောင်မြင်ခဲ့ကြောင်းသိရှိခဲ့သည်။ သူသည် တရုတ်-အမေရိကန်နိုင်ငံချစ်ကြည်ရေးတွင် အမာခံအားပေးသူဖြစ်သည်။

“အခုရက်ပိုင်းမှာသမ္မတဒေါ်နယ်လ်ထရမ့်နှင့် သမ္မတရှီကျင့်ဖျင်သမ္မတတို့၏တွေ့ဆုံဆွေးနွေးပွဲအကြောင်းကို ကျွန်တော်အာရုံစိုက်နေပါတယ်။” Scott ကသတင်းထောက်ကိုပြောကြားသည်မှာ- နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် အခုဟောင်းနွမ်းနေပြီဖြစ်တဲ့ မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းကို ပြန်လည်နလံထူစေချင်ပါတယ်လို့ ကျွန်တော်မျှော်လင့်တယ်။ ၁၉၈၀ခုနှစ်ကတည်းက“မော်တော်ကားမြို့”တွင် အလုပ်လုပ်ပြီးထိုမြို့၏တိုးတက်မှုမှဆုတ်ယုတ်မှုသို့ ပြောင်းလဲလာပြီး မော်တော်ကား ထုတ်လုပ်မှုလုပ်ငန်းနွံနစ်နေသောအခြေအနေကို သူကတွေ့မြင်သည်။ ကုမ္ပဏီကတရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုရှိခြင်းကြောင့်ပင် တရုတ်နိုင်ငံက “စက်ဘီးအင်ပါယာ”မှ“ကားဘီးသစ်နိုင်ငံ”အဖြစ်သို့ကူးပြောင်းသွားသည်ကို သူက မျက်မြင်ကိုယ်တွေ့ဖြစ်သည်။ အဆိုပါဖြစ်စဉ်သည်အမေရိကန်လုပ်ငန်းရှင်များအတွက် သင်ခန်းစာယူသင့်ကြောင်း သူကယူဆသည်။ ဤသည်မှာလည်း နှစ်နိုင်ငံခေါင်းဆောင်များ ထပ်မံပူးပေါင်းဆောင်ရွက်ကြကာ အတူအကျိုးရှိစေရမည့် အကြောင်းရင်းပင်ဖြစ်သည်။

“သမ္မတရှီကျင့်ဖျင်က တရုတ်-အမေရိကန် စီးပွားရေးအပြန်အလှန်ဖြည့်ဖက်ဖြစ်မှုမှာ အလွန်မြင့်မားပါကြောင်း ပြောကြားသွားပါတယ်။ ကျွန်တော်အနေနဲ့ ထုတ်လုပ်မှုလုပ်ငန်းမှာ သိသာထင်ရှားတယ်လို့မြင်ပါတယ်။” အမေရိကန်ထုတ်လုပ်ရေးလုပ်ငန်းများသည်ဒီဇိုင်း၊ ကုန်ကြမ်း၊ အမှတ်တံဆိပ် ယဉ်ကျေးမှုဆက်ခံခြင်း စသည့်နယ်ပယ်များတွင် အစားထိုးမရနိုင်သည့် အားသာချက်များ ရှိနေသည်။ တရုတ်နိုင်ငံကုမ္ပဏီကမူ အရှိန်အဟုန်ကြီးထွားသည့်အပြင် ငွေကြေးအရင်းအနှီး၊ တရုတ်နိုင်ငံနှင့်အခြားနိုင်ငံ၏ ဈေးကွက်လိုလားချက်ကိုသိရှိခြင်း စသည့်အပိုင်းကဏ္ဍများတွင် အလွန်အတွေ့အကြုံများစွာရှိသည်ဟု Scottက ထင်မြင်ယူဆကြောင်း ပြောကြားသည်။ အထူးသဖြင့် စွမ်းအင်အသစ်မော်တော်ကားသည် အလွန်ရေပန်းစားသည့် အခြေအနေအောက်တွင် လုပ်ငန်းများမှာပြန်လည်ရွေးချယ်နေရာချခြင်းကို ရင်ဆိုင်ရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံမော်တော်ယာဉ်လုပ်ငန်းများအတွက် အခွင့်အရေးဖြစ်သကဲ့သို့ စိန်ခေါ်မှုလည်းဖြစ်နေပါကြောင်း Scott ကပြောကြားသည်။





တရုတ်-အမေရိကန်နှစ်နိုင်ငံခေါင်းဆောင်များ၏တွေ့ဆုံခြင်းသည် Scott က အလွန်ဝမ်းသာကျေနပ်ခဲ့သည်။ အမေရိကန်နိုင်ငံလုပ်ငန်းများသည် တရုတ်နိုင်ငံဈေးကွက်ကို ဆက်လက် ဖွံ့ဖြိုးစေသည်နှင့် တချိန်တည်း ပိုများသောတရုတ်နိုင်ငံလုပ်ငန်းများ အမေရိကန်သို့ လာရောက်ပူးပေါင်းဆောင်ရွက်ရေး လုပ်ဆောင်နိုင်ရန် သူကမျှော်လင့်ပါသည်။ “ငယ်ရွယ်သောတရုတ်မော်တော်ယာဉ်လုပ်ငန်းများသည် ရှေးဟောင်း အမေရိကန်လုပ်ငန်းများအတွက် ခွန်အားအသစ်များကို သယ်ဆောင်ပေးနိုင်လိမ့်မယ်။ ဒါတွေကျွန်တော်တို့ကအလွန်လိုအပ်နေတယ်။”ဟု Scott ကပြောသည်။ တစ်နေ့ကျလျှင် တရုတ်-အမေရိကန်မော်တော်ယာဉ်လုပ်ငန်းသည် လုပ်ငန်းစည်းမျဉ်း စည်းကမ်းအသစ်ကို အတူသတ်မှတ်နိုင်ကာ ကမ္ဘာ့ဈေးကွက်ကို အတူလက်တွဲချဲ့ထွင်နိုင်မည်ကို ယုံကြည်သည်။ ဒက်ထရွိုက်မှ နှစ်ပေါင်းရာချီသမိုင်းရှိသည့် လမ်းမကြီးကို ပြန်လည်စည်ကားစေလာနိုင်ပြီး အသက်ခွန်အားအသစ်များ ထွန်းတောက်လာနိုင်မည်ဖြစ်သည်ဟုလည်း ယုံကြည်သည်။

သတင်းထောက် ကျန်းရောဂူ

# “တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံ key words”

## (၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံ၏ key words။ ။ခေတ်သစ်အတွေးအခေါ်သစ်

အယ်ဒီတာ။ ။တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံကျင်းပသည့်အချိန်မှစပြီး ကမ္ဘာ့အနှံ့အပြားမှပြည်သူများ၏ မြင့်မားသောဂရုစိုက်မှုများရရှိခဲ့သည်။ပြည်တွင်းပြည်ပစာဖတ်ပရိသတ်များအတွက် တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံကို ပိုမိုသိရှိနားလည်နိုင်ရန်အတွက်ဤအပတ်မှစပြီး “(၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံ key words” ကော်လံကို တင်ပြလိုက်ပါသည်။

(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံ key words သည်အပိုင်းကဏ္ဍများစွာ လွှမ်းမိုးပါဝင်ပါသည်။ ဥပမာ- (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံ၏ခေါင်းစဉ်၊ရှီကျင့်ဖျင်၏ခေတ်သစ်တရုတ်ထူးခြားချက် လက္ခဏာရှိဆိုရှယ်လစ်ဝါဒအတွေးအခေါ်၊ (၁၈)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံကစပြီး ပါတီနှင့်နိုင်ငံလုပ်ငန်းမှဖြစ်ပေါ်သောသမိုင်းကြောင်းပြုပြင်ပြောင်းလဲမှု၊ တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်သည် ခေတ်သစ်အတွင်းသို့ရောက်ရှိခြင်း၊ ကျွန်တော်တို့နိုင်ငံ၏ အဓိကပဋိပက္ခပြောင်းလဲခြင်း စသည့်အပိုင်းကဏ္ဍများဖြစ်ပါသည်။

“ရှီကျင့်ဖျင်၏ ခေတ်သစ်တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်ဝါဒအတွေးအခေါ်”။ ။တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာသည် “သေချာချက်(၈)ချက်” ဖြင့် အဆိုပါအတွေးအခေါ်၏ အဓိကအကြောင်းအရာကို ခြုံငုံဖော်ပြခဲ့သည်။ ရှီကျင့်ဖျင်၏ ခေတ်သစ်တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်ဝါဒအတွေးအခေါ်ကို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာမှာ ခေတ်သစ်တွင် တရုတ်နိုင်ငံ ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်ဝါဒကို ခိုင်မာစွာနှင့်ဖွံ့ဖြိုးစွာလုပ်ဆောင်မည့်အခြေခံဗျူဟာကို တင်ပြခဲ့သည်။ ယင်းကို “ခိုင်မာချက်(၁၄)ချက်” ဟု ခြုံငုံဖော်ပြခဲ့သည်။

“ထူးဆန်းသော(၅)နှစ်”။ ။တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာတွင် ပါတီ၏(၁၈)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံပြီးသည့် (၅)နှစ်တာကာလသည် ပါတီနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွင်း၏ အလွန်ထူးခြားသော(၅)နှစ်ဖြစ်ပါသည်။ (၅)နှစ်အတွင်း၏ရလဒ်များသည် ဘက်ပေါင်းစုံ ဆန်းသစ်မှုပင်ဖြစ်သည်။ (၅)နှစ်အတွင်း၏ ပြုပြင်ပြောင်းလဲမှုသည် နက်ရှိုင်းပြီးအခြေခံကျကျဖြစ်သည်။ ဤသမိုင်းဝင်သည့်ပြုပြင်ပြောင်းလဲမှုသည် ပါတီနှင့်နိုင်ငံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အလေးပါသော နက်ရှိုင်းသော ထိရောက်မှုရှိနေပါသည်။

“အဓိကပဋိပက္ခ”။ ။တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာတွင် တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်ဝါဒသည် ခေတ်သစ်သို့ဝင်ရောက်ပြီး ကျွန်တော်တို့နိုင်ငံ၏အဓိကပဋိပက္ခမှာ ပြည်သူများကောင်းမွန်သောနေထိုင်ရေးလိုလားခြင်းနှင့် မမျှတမပြည့်ဝသော ဖွံ့ဖြိုးတိုးတက်မှုအကြား ပဋိပက္ခအဖြစ်သို့ ပြောင်းလဲနေကြောင်း ဖော်ပြထားသည်။

《ပြည်သူ့နေ့စဉ်သတင်းစာပြည်ပကော်လံ》

သတင်းထောက် ချိန်ကျိန့်ခိုင်။